**မိုးသက်ဟန်**

# ငါတွေးသည် ထို့ကြောင့်ဒေးကားမရှိ

ဝတ္ထုတိုများစုစည်းမှု



# ဆရာမင်းခက်ရဲ၏ အမှာ

"တစ်ခါတလေ သူ ရက်ပေါင်းအတော်ကြာအောင် စကားတစ်ခွန်းမှ မပြောရဘူး"တဲ့ လား။ မိုးသက်ဟန်ရဲ့ စာမူ တစ်ပွေ့တစ်ပိုက်ကြီးထဲက ကြုံရာဆွဲထုတ်လိုက်တဲ့ ပထမဆုံးဝတ္ထုကပဲ ကျွန်တော့်ကို အတွေးတွေ အတော်ပွားစေခဲ့ပါပြီ။ အဲဒီ "မစဉ်းစားတော့ဘူးဆိုပြီး မစဉ်းစားဘဲနေတဲ့ အခါ"ဝတ္ထုဟာ ပုံစံတစ်မျိုးပဲ။ တစ်နည်းအားဖြင့် ပြင်သစ်ဒဿနပညာရှင်၊ အဆောက်အအုံလွန် ဝါဒီမိုရီဘလွန်ရှို(Maurice Blanchot) ကြံဆတွေးတောခဲ့တဲ့ လက်ရာပုံစံမျိုးပဲ။ ဝတ္ထုရဲ့ အစမှာ ...

"သူ စဉ်းစားနေတယ်။ ဒါကြောင့် သူ ရှိတယ်။ ဒေးကားရဲ့ စကားအရဆိုရင် သူ ရှိနေတယ်ပေါ့။ သူ စဉ်းစားနေတယ်။ သူ ဘာစဉ်းစားရင် ကောင်းမလဲ ဆိုပြီးတော့ပေါ့။ နောက်တော့ သူ စဉ်းစားမိတယ်။ စဉ်းစားတဲ့ အကြောင်းကို စဉ်းစားမယ်ပေါ့" လို့ ရေးထားတယ်။ ဒဿနနဲ့ ဆက်စပ်ဖြစ်တည်နေတဲ့ အနုပညာတစ်ရပ် ထုတ်လုပ်တယ်ဆိုတာမျိုးကို ဘလွန်ရှိုနဲ့ ဘတိုင်းယိ(Bataille) တို့ ရဲ့ ဝတ္ထုတွေမှာ တွေ့ခဲ့မိတယ်။ အခုလည်း မိုးသက်ဟန်ရဲ့ ဝတ္ထုတိုမှာ တွေ့လိုက်ရပြန်ပြီ။ ဝတ္ထုကို သာမန်ကာလျှံကာဖတ်မိရင်တော့ ဖြစ်တည်မှုဝါဒဆိုင်ရာ အကြောင်းအရာပါပဲ။ ဒါပေမဲ့ ဒီထက်အရေးကြီးတာက အဖွင့်စာကြောင်းပါပဲ။ အဖွင့်စာကြောင်းမှာ ဆရာမိုးသက်ဟန်က အနောက်တိုင်း ကာတီဆီယန်းဒဿနကို

မေးခွန်းထုတ် လှောင်ပြောင်ဖို့ စတင် ကြိုးစားလိုက်တယ်။ အနောက်တိုင်း ပို့စ်မော်ဒန်ကို လေ့လာခဲ့ဖူးတဲ့ မိုးသက်ဟန်ဟာ လီယိုတာရဲ့ Les differend အယူအဆကို ကောင်းကောင်း နားလည်ပါလိမ့်မယ်။ ဒါကြောင့် လည်း ဒေးကားရဲ့ ငါတွေးသည် ငါရှိနေသည် အယူအဆကို ကျွန်တော်တို့ ဆီမှာ သူကစပြီး ရှားရှားပါးပါး မေးခွန်းထုတ်ဖို့ ကြိုးစားခဲ့တယ်။ ငါတွေးသည် ငါရှိသည် ” ဆိုတော့ တခြားသောအရာ (the other) တွေ မရှိတော့ဘူးလားပေါ့။ ဝတ္ထုထဲက ဇာတ်ကောင်ဟာ လူမှုရေးအဆင့်အတန်း တစ်နေရာကနေ ဖယ်ထုတ်ခံခဲ့ရတဲ့ လူသားတစ်ယောက် ဖြစ်နေတာကို တွေ့ရပါလိမ့်မယ်။

“မစဉ်းစားတော့ဘူး” ဝတ္ထုတိုမှာ ကျွန်တော်သုံးသပ်သလို၊ မိုးသက်ဟန်ဟာ တခြားသောအရာ (the other) ဆီကို ရောက်အောင်သွားဖို့ ငါတွေးသည် ၊ ငါရှိသည် ကို ငြင်းဆိုနေတယ်။ တွေးခြင်း၊ စဉ်းစားခြင်းကို လှောင်ပြောင်နေတယ်။ ဒါဟာ သူ့ ဝ တ္ထု တွေ မှာ ရည်ရွယ်ချက်ရှိလုပ်နေတယ်ဆိုတာ “မစဉ်းစားဘူးသီချင်း၊ ဦးနှောက်မခြောက်ချင်တဲ့ ပုံပြင်”မှာ ထင်ရှားတယ်။ မိုးသက်ဟန်ရဲ့ ဒီဝတ္ထုတိုစုထဲက thems အတော်များများ ဒီဝတ္ထုတိုမှာ ဆုံလာတယ်။ တစ်ခုက “ငါတွေးသည် ၊ ငါရှိသည် ” ကို ငြင်းချင်တာ ဒီအပြင်က ငါတွေးသည် ။ ထို့ကြောင့် ငါပဲရှိသည် ဆိုတဲ့ သဘောမျိုး၊ ဒါကို ငြင်းပြီး အခြားသောအရာ (the other) ဆီညွှတ်တာ၊ တစ်ခုက ပထဝီနယ်မြေ တစ်စုံတစ်ရာကို အခြေခံပြီး သီးသန့်ဆန်တဲ့ သမိုင်းဆိုင်ရာ အတွေ့အကြုံခံစားမှုကို ပြချင်တာပါ။ အခု ဒီဝတ္ထုမှာ လည်း မစဉ်းစားဘူးလို့ ပြောပြီး “ကျွန်တော်တို့ မြို့ပြကို စွန့်ခွာရအောင်”လို့ ဆိုလာတယ်။

ပြီးတော့ "ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပြီးနောက်"ကို ဖတ်ပါတယ်။ "မစဉ်းစားတော့ဘူး" အပုဒ်နဲ့ အတော်ကလေး ကွာခြားသွားတယ်။ ကြီးကျယ်ခမ်းနားတဲ့ ဒဿနဆိုင်ရာ အရေးအသားတစ်ခုကို ဖတ်ပြီးတဲ့နောက် မှာ fairy tale တစ်ပုဒ်ကို ဖတ်လိုက်ရသလိုပါပဲ။ ဝတ္ထုမှာ နတ်သမီး မပါတာကလွဲရင် ပုံပြင်လေးတစ်ပုဒ်လို ဖြစ်နေတယ်။ ဖတ်ရတာပျော်ဖို့ ကောင်းသယောင်ထင် ရပေမယ့်၊ အပေါ်ယံသဘော ပေါ့ပေါ့ပါးပါး ရေးထားပေမယ့် အသေအချာ စဉ်းစားကြည့်ရင် ကြောက်ရွံ့ထိတ်လန့်ဖို့ ကောင်းနေပြန်ပါလေရော။ ငရဲဘုံ၊ ပျော်ရွှင်မှု၊ လောဘ၊ တန်ဖိုးရှိခြင်းနဲ့ တန်ဖိုးမဲ့ခြင်းသဘော တွေ့ရတယ်။ အဆိုးရွားဆုံး၊ ထိတ်လန့်စရာ အကောင်းဆုံးကို ပေါ့ပေါ့ပါးပါး အပြောင်အပြက်လိုရေးနေတဲ့ ဝတ္ထုရဲ့ ယေဘုယျအကြောင်းအရာ (theme)က လူ့အဖွဲ့အစည်းတစ်ရပ်ကို တင်စားထားတာ။ "ကတ္တရာလမ်းမများ ပျော့အိတွဲကျလောက်သည် အထိ ပူပြင်းမှုဒီဂရီက အထွတ်အထိပ်သို့ရောက်ရှိနေသည် "ဆိုတဲ့ ငရဲဘုံဟာ လူ့အဖွဲ့အစည်းတစ်ရပ်ကို ပြောနေတာ။ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ လူ့အဖွဲ့အစည်းရဲ့ အခြေအနေတစ်ရပ်ကို ပေါ့ပေါ့ပါးပါးဟန်နဲ့ ပြောနေတာကိုက ပို့စ်မော်ဒန်သဘောနဲ့ ပြောရင် surface အပေါ်ယံကြောဖြစ်နေတာကို ဆိုနိုင်တယ်။

"ရွှေမိုးငွေမိုးများ "လိုပဲ။ ထိတ်လန့်အံ့ဩဖွယ်ရာ နောက်ထပ်ဝတ္ထုတစ်ပုဒ်ကတော့ "အိပ်မက်မြို့"ပဲ။ ဘာမှန်းမသိတဲ့ မြို့ ထဲ မှာ လူသေတစ်ကောင်နဲ့ ဝိညာဉ်က စီးမျောနေသလိုပဲ။ ဒီဝတ္ထုနှစ်ပုဒ်ဟာ သီးသန့်ဆန်တဲ့ ပထဝီနယ်မြေကို အခြေခံတယ်။ အနောက်တိုင်းစာပေပညာရှင် အင်ဒရေးဘလိတ်ကပ်စတန်(Andre Bleikastan) က သူ့ရဲ့ သုံးသပ်ချက်တစ်ခုမှာ ဒီလိုသီးသန့်ဆန်တဲ့

ပထဝီနယ်မြေကို အခြေခံပြီးရေးတဲ့ ဝတ္ထုအရေးအသားတွေရဲ့ အဓိကသဘောက သီးသန့်ဆန်တဲ့ သမိုင်းဆိုင်ရာ အတွေ့အကြုံခံစားမှု(A specific historical experience)ကို ထုတ်ဖော်ပြတယ်လို့ သုံးသပ်တယ်။ သူကတော့ ဖော့ကနားကိုရည်ညွှန်းပြီး သုံးတာပါပဲ။ ခု မိုးသက်ဟန်ရဲ့ ဝတ္ထုနှစ်ပုဒ်ဟာ ဒီအမြင်နဲ့ ဆက်စပ်ကြည့်နိုင်တယ်။ မိုးသက်ဟန်က ငရဲပြည်နဲ့ ဘာမှန်းမသိတဲ့ ပထဝီအနေအထား အခြေခံဖော်ပြနေတာဟာ တခြားတော့ မဟုတ်ဘူး ။ သူ ခံစားနေရတဲ့ သီးသန့်ဆန်တဲ့ သမိုင်းဆိုင်ရာ အတွေ့အကြုံခံစားမှုကို ဖော်ပြနေတာပဲ။ သူ ဘယ်လို အတွေ့အကြုံခံစားနေရတဲ့ အရာမျိုးပဲ။ မြို့တစ်မြို့မှာ “ဒါဆို ဒီမြို့က ပြန်လမ်းမရှိတဲ့ မြို့ပေ့ါ။ ကျွန်တော် ပြန်ထွက်လို့ မရတော့ဘူးဆိုတဲ့ သဘောပေ့ါ ဟုတ်လား”လို့ တောင် ဆိုထားတယ်။ ဟိုတယ်မန်နေဂျာရဲ့ အပြောက “ဒီမြို့ကနေ မင်း ဘယ်လိုမှ ပြန်ထွက်လို့ မရတော့ဘူး။ ငါကိုယ်တိုင်လည်း ပြန်ထွက်လို့ မရဘူး။ မြို့ကိုမမြင်ရတဲ့ ပိုက်ကွန်တွေက အုပ်မိုးထားတယ်”လို့ ဆိုတယ်။

“ကို ယ် ပွား ”မှာ လည်း မိုးသက်ဟန်ဟာ ဒဿနဆိုင်ရာ အရေးအသားတစ်ခုကိုပဲ အနုပညာဖြစ်အောင် ရေးလာတယ်။ ဒဿနပညာ လူ့အဖွဲ့အစည်းအတွက် အရေးအကြီးဆုံး အစိတ်အပိုင်းတရား ဖြစ်တဲ့ ကိုယ်ကျင့်တရားအမြင်ကို တင်ပြလာတယ်။ ဝတ္ထုထဲမှာ ကိုယ်ပွားဆိုတာ တခြားလူ မဟုတ်ဘူး သူ့ရဲ့ ကိုယ်ကျင့်တရားဆိုင်ရာ အမြင်တစ်ရပ်ကို ဖော်ထုတ်ပြဖို့ တည်ဆောက်ထားတဲ့ ကိုယ်ပွားပဲ။ “ကျွန်တော်ထိုင်တော့ သူ မတ်တတ်ရပ်လိုက်တယ်။ ကျွန်တော် မတ်တတ်ရပ်လိုက်ပြန်တော့ သူ ကျွန်တော့်ခုံမှာ ဝင်ထိုင်ပြန်တယ်။ သူ ကျွန်တော့်ဘေးမှာ တစ်ချိန်လုံး

ငြိမ်ငြိမ်မနေဘူး”လို့ ဝတ္ထုကို စဖွင့်တယ်။ သူ့ကိုယ်ပွားက သူ့နောက်ကို တကောက်ကောက် လိုက်နေခဲ့တယ်။ ဒီသဘောက မိုးသက်ဟန်ရဲ့ ကိုယ်ကျင့်တရားဆိုတာ သူ့ဘာသာသူ ပြန်တည်ဆောက်နေတာ ဖြစ်တယ်။

ပြီးတော့ သူ့ဝတ္ထုတိုတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ဆက်ဖတ်မိတယ်။ အခန်းကျယ်ကျယ်၊ လူနဲ့ အတိတ်၊ ဂျော်နီဆိုတဲ့ ကောင်၊ ပြဇာတ်ထဲက ဖြစ်ရပ်မှန်၊ နှင်းလူ စတာတွေပဲ။ သူ့ ဝတ္ထု အားလုံးဖတ်ပြီးတဲ့ အချိန်မှာ ကျွန်တော် သူ့ဝတ္ထုတွေထဲကအတိုင်း ကျွန်တော် ရှိနေဖို့ ရာ ကျွန်တော် စဉ်းစားစရာမလိုဘဲ ပေါ်လာတာတစ်ခုက သူ့ဝတ္ထု အများ စုဟာ သီးသန့် နေရာတစ်ခုအတွင်းက သမိုင်းဆိုင်ရာ အတွေ့အကြုံခံစားမှုကို ဖော်ပြနေပြီး အဲဒီအတွေ့အကြုံ ခံစားမှုဆိုတာ သူ့ရဲ့ သီးခြား တစ်စုံတစ်ရာ ပျောက်ဆုံးနေမှုပဲ။ တစ်နည်းအားဖြင့် သူ တစ်ခုခုပျောက်ဆုံးနေတယ်။ အထူးသဖြင့် သီးသန့်နေရာ တစ်နေရာအတွင်း သူ့ရဲ့ သမိုင်းဆိုင်ရာ အတွေ့အကြုံ ခံစားမှုဆိုတာ၊ သီးခြားအမှတ် လက္ခဏာ၊ လွတ်လပ်မှု၊ လိင်လိုအင်ဆန္ဒ စသဖြင့် တစ်ခုခု ပျောက်ဆုံးနေတာဖြစ်တယ်။ ထူးဆန်းတာက သူ့ဝတ္ထုတိုတွေအပေါ် ကျွန်တော့်ရဲ့ အထက်ပါမှတ်ချက်ဟာ ဝေဖန်ရေး သီအိုရီတစ်ခုခုနဲ့ ကြည့်စရာမလိုဘဲနဲ့ ၊ စဉ်းစားစရာမလိုဘဲနဲ့ ကို ပေါ်လာတယ်။ ဒီတော့ ငါတွေးသည် ၊ ထို့ကြောင့် ငါရှိသည် ကို ဖတ်ခြင်းအားဖြင့် အခြားသောအရာကို ထုတ်ဖော်ပြမယ့် သူ့ရဲ့ အရေးအသားဟာ ဖတ်သူကိုတောင်မှ စဉ်စားစရာ မလိုစေခဲ့ဘူး။ မိုးသက်ဟန် ဝတ္ထုတွေကို ဖတ်တဲ့ အခါ စာဖတ်သူဟာ ကျွန်တော် တွေ့ကြုံခံစားခဲ့ရသလို စဉ်းစားစရာမလိုဘဲနဲ့ ကို ကိုယ်လည်း ရှိ နေတယ်။ မိုးသက်ဟန်လည်း ရှိနေတယ်။ ပြီးတော့ ကျွန်တော်တို့

တစ်ခုခုပျောက်ဆုံးနေတာ၊ အဲဒီ ပျောက်ဆုံးနေတဲ့ အရာကို သိလာတာ ဖြစ် လာပြီဆိုရင် ဒါဟာ မိုးသက်ဟန်ရဲ့ ဒဿနကို အနုပညာ ဖြစ်အောင် လုပ်လိုက်တဲ့ သဘောကို တွေ့ကြုံခံစားမိလိုက်တာပဲလို့ ဆိုနိုင်တယ်။

မင်းခက်ရဲ

* * *

# ပြဇာတ်ထဲက ဖြစ်ရပ်မှန်

သေနတ်ကို ထုတ်ယူလိုက်ပုံ၊ ပစ်မှတ်ကို ချိန်တွယ်ပုံ၊ မောင်းတံကို ကွေးညွတ်လိုက်ပုံ အားလုံး တိကျသပ်ရပ်လွန်း၏။ ဒိုင်းခနဲ မြည်ဟည်းမှုအပြီး မီးခိုးငွေ့များ တရဟော။ ရဲရဲနီစွေးသောသွေးများ ထွက်လာခြင်းမရှိ။ အလယ်မှ ဖြတ်ပိုင်းခံလိုက်ရသော စက္ကူတစ်ရွယ်နှယ်အလား ပုံကျသွား။ ရန်သူ လဲကျသွားပြီ။ ဒီတော့မှ သေနတ်ကို လက်ထဲတွင် မွှေ၍ နေရာအတိုင်း ပြန်ထားလိုက်သည် ။

"ဟား… ဟား … ငါနိုင်ပြီ အောင်ဒင်"

လမ်းလျှောက်ရင်း သူ့နှုတ်ခမ်းက ရေရွတ်နေသည် ။ သူ၏ လှုပ်ရှားမှုက စက္ကန့်တံသွားသကဲ့သို့ ဆတ်တောက်ဆတ်တောက် ဖြစ်နေ၏။ ထက်ခြမ်းကွဲသွားသော အောင်ဒင်ကိုကြည့်ရင်း သူ ပီတိ ဖြစ်နေပုံရသည် ။ " ငါ့နာမည် ဘခက်ကွ" ဟု လည်း သူ အော်လိုက်သေးသည် ။

ဘခက်သည် သူ စီးလာခဲ့သောမြင်းကို လိုက်ရှာသည် ။ မြင်းက တစ်နေရာ ထွက်သွားပြီဖြစ်၍ ရှာမတွေ့တော့။ သူ၏ မြင်းကလေးသည် အညိုရောင်မြင်းကလေးဖြစ်ပြီး အလွန်တရာမှ လိမ္မာရေးခြားရှိလှ၏။ ထို့အတူ သခင်အပေါ် သစ္စာရှိလှသည် ကလည်း အခြားမြင်းများ နှင့်

နိုင်းယှဉ် စရာမရှိ။ ထိုမြင်းကလေးကို နေသာတိမ်ပြာသော တစ်နေ့သ၌က ရရှိခဲ့ခြင်းဖြစ်သည် ။ မြင်းကလေးကို အမည်ပေးရန် စဉ်းစားဆဲဖြစ်ရာ အမည်မရှိသော ထိုမြင်းကလေးကို ဘယ်ပုံဘယ်နည်း တရမည်ကို ဘခက် မသိတော့ချေ။ ဂျော်နီ၊ ရွှေညို၊ ရမ်ဘို ... ဘယ်လိုတရမည်နည်း၊ မြင်းကလေးသည် စာအုပ်အဖုံးချုပ်ရာတွင် အသုံးပြုသည့် ကတ်ထူစက္ကူအညိုကို ပုံစံထွင်းထားသည့် မြင်းကလေးဖြစ်သည် ။ အမြီးနေရာတွင် ဆော့ဖ်ပင်အနက်ဖြင့်အရောင်ခြယ်ထားသည် ။ မျက်စိကိုတော့ ရေးနိုးဘော်လ်ပင်အပြာဖြင့်ပင် ရေးထားသည် ။ ထားလိုက်တော့။ မရှိတော့တဲ့ မြင်းကလေးကို တရသည် က အချိန်ကုန်လွန်းသည် ။

ဘခက် ခရီးဆက်ရဦးမည် ဖြစ်သည် ။ အောင်ဒင်ကိုတော့ သေနတ်ဖြင့်ပစ်ပြီးသွားပြီ။ ဘာဆက်လုပ်ရမလဲ မသိသေး။နေဦး။ အောင်ဒင်ကို သူ ဘာကြောင့် ပစ်ခတ်ခဲ့ရတာလဲ သူ မသိသေး။ အောင်ဒင်နှင့် သူသည် ရန်ငြိုးရှိခဲ့ပုံရသည် ။ အဲဒီရန်ငြိုးက ဘခက်၏ ဇနီးကို အောင်ဒင်က ခိုးယူသွားခဲ့ခြင်းလား။ သို့ဆိုလျှင် အောင်ဒင်သည် ကြာကူလီကောင်သာ ဖြစ်ပေမည်။ ဒါဆို အောင်ဒင်ကို သတ်ပစ်ခြင်းမှာ အပြစ်မရှိနိုင်။ ဒါဆို ဘခက်တွင် မိန်းမရှိရမည်။ အဲဒီမိန်းမ ယခုဘယ်မှာလဲ။ ဘခက် စဉ်းစား၍ မရ။ သူ့တွင် မိန်းမရှိခဲ့မည် မဟုတ်ဟု သာ တထစ်ချ ကောက်ချက်ချလိုက်သည် ။ တစ်ချိန်က ရှိခဲ့သော ရန်ငြိုးတစ်ခုကို ဖြေရှင်းလိုက်ခြင်းဟု သာ မှတ်ယူလိုက်သည် ။

ဘခက် လမ်းလျှောက်လာခဲ့သည် က ဇာတ်စင် အစွန်းတစ်ဖက်ကို ရောက်နေပြီဖြစ်သည့် အတွက် လာရာလမ်းအတိုင်း ပြန်လှည့်လိုက်သည် ။ အောင်ဒင်၏ ခန္ဓာကိုယ်အပိုင်းအစ မရှိတော့ချေ။ ဇာတ်ရုံဝန်ထမ်းများ ရှင်းလင်းလိုက်ခြင်း ဖြစ်မည်။

နောက်ခံဆက်တင်က သစ်ပင်ပုံ အနည်းငယ်ပါသော တောစပ် မြေနီလမ်းကလေး ဖြစ်သည် ။ ဇာတ်ခုံပေါ်တွင် ဘခက် တစ်ယောက်တည်း လျှောက်နေဆဲဖြစ်သည် ။ အလင်းရောင်က လေးလံပျင်းရိနေသူ တစ်ယောက်လို ဘခက်၏ ကိုယ်ပေါ်သို့ တအိအိ ညွတ်ကျနေသည် ။ သူသည် ဇာတ်စင်ပေါ်တွင် အလျားလိုက်၊ ဒေါင်လိုက် အစုန်အဆန် လမ်းလျှောက်နေ၏။ ဘခက်၏ ပါးလျ သောခန္ဓာကိုယ်သည် လေတစ်ချက်အတိုက်တွင် ဗလတောင့်တောင့် လူတစ်ယောက်နှင့် ပခုံးချင်း တိုက်မိသလို ယိမ်းယိုင်သွားသည် ။ သတိထားရမည်။ ဘခက်သည် အခြေအနေကို စေ့ငုကြည့်နိုင်ဖို့ နည်းလမ်းရှာနေကြောင်း မြင်ရသူများ အနေဖြင့် သိသာသည် ။

လောလောဆယ်၌ ဘခက်သည် လူ့ပြည်သို့ ရောက်ခါစ ကလေးငယ်တစ်ယောက်လိုပင် အတိတ်သော်လည်းကောင်း၊ အနာဂတ်သော်လည်းကောင်း ပိုင်ဆိုင်ရခြင်း မရှိချေ။ ကမ္ဘာပေါ်တွင် နောက်ဆုံး ကျန်ရစ်သူတစ်ဦးအကြောင်း ပြဇာတ်ကနေရခြင်းလားဟု ပင် ဘခက် တွေးတောမိသည် ။ သို့နှင့် ပင် ဘခက်သည် တက္ကဆပ်ပြည်နယ်၊ တောရပ်ဒေသမှ မြို့ကလေးနှင့် တူသည့် မြို့တစ်မြို့သို့ ရောက်ရှိ လာလေသည် ။ ကျွန်တော်တို့ ရဲ့ အမျိုးကောင်းသား ဘခက်ဟာ သူ ဘာကောင်လဲဆိုတာ မသိသေးပေမယ့် အရက်ဆိုင်ထဲကို ဖြောင့်ဖြောင့်ကြီးဝင်လိုက်ပါသည် ။

ဆိုင်ထဲမှာ လူစုံသည် ။ အမှ ည့်လွှန်သစ်သီးတွေ တန်းစီထားသည့် အလား လျှပ်စစ်မီးများက ဝင်းဝါလွှန်းနေသည် ။ ဆိုင်ထဲမှာ ဘိလိယက်ခုံတစ်ခုံရှိသလို၊ ပိုကာဝိုင်းတစ်ဝိုင်းလည်း ရှိနေသည် ။ ဘိလိယက်ခုံနားမှာ လူငယ်၊ လူလတ်ပိုင်းတွေ ဝိုင်းအုံနေသည် ။ ပိုကာဝိုင်းမှာ တော့ အသက်ကြီးကြီး ယောကျာ်းတွေ။ ဝိုင်းအသီးသီးမှာ

နေရာယူထားကြတဲ့ ပုဂ္ဂိုလ်တွေက စကားအရေအတွက် မြောက်မြားစွာ ထုတ်လုပ်နေသည် ။ ပွက်လောထနေတဲ့ အသံတွေကြားမှာ သူ့အကြောင်း တစ်စုံတစ်ရာပါမည်လားဟု ဘခက် အာရုံစိုက်နားထောင်နေ၏။ ဘခက်သည် စားပွဲဝိုင်းတစ်ခုတွင် နေရာတစ်ခု ရယူထားပြီး ဖြစ်သည် ။ ခါးကြားက သူ့သေနတ်ကိုလည်း မမြင်ရအောင် ကုတ်အင်္ကျီဖြင့် ဖုံးကွယ်ထားပြီး ဖြစ်သည် ။ ဘခက်သည် ကောင်းဘွိုင်ဇာတ်ကားထဲမှ ဇာတ်လိုက်မင်းသားကဲ့သို့ပင် စမတ်ကျနေပြီဖြစ်ကြောင်း ပြောရဦးမည်။ ခွေးတံဆိပ်ဓာတ်ပြားကို တဝီဝီလည်အောင် ဖွင့်ထားရာမှ ဖြစ်လာသည့် အသံမျိုးနှင့် တူသော ဆူ ညံ သံ တွေ ထဲ မှာ သူ့အကြောင်း၊ အောင်ဒင်အကြောင်း၊ သူ၏ ပျောက်ဆုံးသွားသော မြင်းကလေးအကြောင်း တစ်ခုမှ ပါမလာခဲ့။ ဘခက် ဘယ်ကစလို့ စုံစမ်းရမှန်း မသိအောင် ဖြစ်နေသည် ။ ဒီမြို့ကလူတွေဟာ ညိုညစ်ညစ်စက္ကူတွေနဲ့ ပြုလုပ်ထားခြင်း ဖြစ်ကြောင်းကိုတော့ ဘခက်သတိထားမိသည် ။ ဘခက်က ဒီမြို့တွင် သူ့အကြောင်း ရှာ၍ မရလျှင် နောက်ထပ် ... နောက်ထပ် မြို့များ စွာကို ဆက်လက်ရှာဖွေမည်ဟု ဆုံးဖြတ်လိုက်၏။

ဘခက် အရက်ဆိုင်ထဲမှ အထွက်တွင် သူ့ခေါင်းထဲသို့ မှင်စာကောင်လေးများ ဝင်ရောက် နေသကဲ့သို့ ဖြစ်နေကြောင်း သိလိုက်ရသည် ။ ဒယိမ်းဒယိုင်မဖြစ်သော်လည်း သူ့ခြေလှမ်းများက ပုံမှန် မဟုတ်တော့ချေ။ အရင်ဆုံးလုပ်ရမည်က ဒီည တည်းခိုဖို့ အတွက် နေရာတစ်ခုရှာဖွေရန် ဖြစ်သည် ။ မကြာလိုက်ပါ။ အရက်ဆိုင်၏ မျက်စောင်းထိုးတွင် တည်းခိုခန်းတစ်ခုကို ရှာဖွေတွေ့ရှိလေ၏။ ဒီညတော့ ဒီမှာ တည်းမှ တော်တော့မည်။ တည်းခိုခန်းတွင် အမည်ပေးရာ၌ ဘခက်က သူ့အမည် အောင်ဒင်ဖြစ်ကြောင်း

စာရင်းပေးလိုက်၏။ တည်းခိုခန်းမန်နေဂျာထံမှ တစ်စုံတစ်ရာ ကြားရမည်လားဟု မျှော်လင့်သော်လည်း မန်နေဂျာက သူ့ကို သော့ချိတ်တစ်ခုသာ ပေး လိုက်လေ၏။ အခန်းအမှတ် ၂၅ ထဲတွင် အရာခပ်သိမ်းကို မေ့လျော့ပစ်လိုက်သည် ။ နံနက်မိုးသောက်မှ ရှာဖွေမှုကို ဆက်လက်ပြုလုပ်တော့မည်။

နေလုံးကြီး ပြူထွက်လာနေပုံက လူဝကြီးတစ်ယောက် အားရပါးရရယ်မောနေပုံနှင့် သာ တူတော့သည် ။ ပူလောင်မွန်းကျပ်လှသော အခန်းကျဉ်းကလေးက သူ့ကိုအင်အားသစ်များ ပေးစွမ်းနိုင်ခဲ့ကြောင်း သိလိုက်ရ၏။

တစ်စုံတစ်ယောက်ကို ရှာဖွေခြင်း၊ မိမိကိုယ်ကို ရှာဖွေခြင်းဟူသော ဘခက်၏ ရှာဖွေရေးခရီးစဉ်သည် ပြတ်တောက်သွားသော စက္ကူစွန်တစ်ကောင်ကို လိုက်ဖမ်းရသည် နှင့် သာ တူလှသည် ။ အတိတ်သော်လည်းကောင်း၊ အနာဂတ်သော်လည်းကောင်း မရှိသူ ဘခက်အတွက် ဒီလောကထဲမှာ နေလို့ မရပြီလား။ ကမ္ဘာပေါ်ရှိ ရှိရှိသမျှ သတ္တဝါအားလုံးမှာ သူတို့ ရဲ့ ဇာစ်မြစ်ဆိုတာရှိခြင်းသည် ဘုရားသခင်၏ မျက်နှာသာပေးမှုပေလောဟု ဘခက် တွေးတောမိသည် ။ လောကအကြောင်း စဉ်းစားမိတိုင်း မိမိကိုယ်ကို မပိုင်ရသည် နှင့် ပတ်သက်၍ စိတ်ထဲတွင် ယားကျိကျိဖြစ်ရသည် ။ ငိုချင်ပက်ကျိဖြစ်ရအောင်လည်း ဝမ်းနည်းရသည် ။ ဘခက်၏ အလွမ်းအဆွေးများက မီးခိုးငွေ့များ နှင့် အတူ မျက်နှာကြက်ဆီသို့ ပျံသွားလေ၏။ ဘခက် ခရီးဆက်တော့မည်။ တည်းခိုခန်းတွင် ကျသင့်ငွေများ ရှင်းပြီး အပြင်သို့ထွက်လာခဲ့သည် ။

ခေါင်းထဲတွင် မိုးတစိမ့်စိမ့်ရွာနေပြီး အပြင်တွင် ကျိကျိတက်

ပူနေသော်ငြား ဘခက်၏ ခြေလှမ်းတို့ က တက်ကြွလွန်းနေသည် ။ ပျောက်ဆုံးနေသော အတိတ်ကို ရှာရမည်။ အောင်ဒင်နှင့် သေနတ်ချင်းချိန်းပြီး ပစ်ခဲ့ရသည့် အကြောင်းကို ပြန်လည်တူးဖော်ရမည်။ သို့မှ သူ၏ အမှတ်အသား (Identity)ကို ပြန်လည်ရရှိမည်။ အမှတ်အသားဆိုတာ ဘာလုပ်ဖို့ လဲ။ လူ တ စ် ယော က် မှာ အမှတ်အသားမရှိတော့ရော ဘာဖြစ်မှာ လဲ။ ဘခက်က ဘုတွေးတွေးမိပေမယ့် အဲဒီအမှတ်အသားကို ပြန်ရချင်နေပြီ။ ဘခက်တွင် နေစရာ နေအိမ်မရှိပါ။ ခေါ်စရာ အဖေမရှိပါ။ အမှတ်အသား မရှိသည့် အတွက် ထိုသို့ဖြစ်နေရခြင်း ဖြစ်သည် ။ အကယ်၍ ဘခက်သည် အခြားသူများကဲ့သို့ အမှတ်အသား ရှိနေပါက အိမ်ထဲတွင် ပင် စနစ်တကျ အနားယူနေနိုင်သည် ။ ခုတော့ ဘခက်၏ ဘဝက လူတစ်ယောက်ကို သေနတ်ဖြင့် ပစ်ခတ်မိရာမှ ဘဝဆိုတာကို ရှာဖွေဖို့ အကြောင်းဖန်လာခဲ့သည် ။ ဘခက်သည် သနားစဖွယ်ကောင်းသော စက္ကူအရုပ်ကလေးတစ်ရုပ် ဖြစ်သည် ။

တရွေ့ရွေ့မောင်းနှင်လာသော မော်တော်ကားလေးတစ်စင်းပေါ်တွင် ဘခက်ကိုတွေ့ရမည် ဖြစ်သည် ။ ဘခက် မော်တော်ကားတစ်စင်း ဝယ်ယူဖြစ်ခဲ့သည် ။ အလွန်တရာမှ သေးငယ်လှသော မော်တော်ကားကလေးသွားနေပုံက အိပွဲအိပွဲနိုင်လွန်းသည် ။ ဘခက်ကတော့ မြင်းကလေးမရှိတော့သည့် နောက်ပိုင်း ကားတစ်စင်းရလာခဲ့သည့် အတွက် ပျော်ရွှင်နေပုံရ၏။

သစ်ပင်ပုပုကလေးများ အစီအရီပေါက်ရောက်နေရာ တောအုပ်ကလေးကို ကျော်ဖြတ်လာရင်း ဘခက် တရှိုးရှိုး လေချွန်နေသည် ။ သူ၏ မော်တော်ကားကလေးသည် မိုင်ပေါင်းများစွာကို ခရီးနှင်လာသည့် အတွက် သက်ရှိတစ်ယောက်သာဆိုလျှင်

လျှာတစ်လစ် ထွက်နေလောက်ပြီဟု ဘခက် တွေးမိ၏။ မိုင်ပေါင်းမြောက်မြားစွာကို အလွယ်တကူ ကျော်ဖြတ်လာနိုင်စေသော မော်တော်ကားလေးကို ဘခက်ကျေးဇူးတင်မိပါသည် ။

ကျွီ ... ကားကလေးကို အလျင်အမြန် ဘရိတ်အုပ်လိုက်ရသည် ။ ကားကလေးသည် အနည်းငယ် တွန့်ခါသွားသည် ကလွဲ၍ သခင်၏ အလိုအတိုင်း ရပ်တန့်သွားသည် ။ ကားရှေ့တွင် ကြောင်ကြီးတစ်ကောင် ဖြတ်ပြေးသွားခြင်း ဖြစ်သည် ။ အရွယ်အစားကြီးမားလွန်းသည့် ကြောင်ကြီးကို ဘခက် အံ့သြမှ င်တက်ရသည် ။ ဤမြေ၊ ဤကမ္ဘာပေါ်တွင် ဤမျှကြီးမားသော ကြောင်ကြီး ရှိသေးသည် ကိုးဟု ဘခက် ရေရွတ်မိလေ၏။

ကြောင်ကြီးမှာ တောအုပ်ထဲ ဝင်ရောက် ထွက်ပြေးသွားပြီ ဖြစ်သည် ။

ကားတံခါးဖွင့်ကာ အပြင်သို့ထွက်၍ လေကောင်းလေသန့် ရှူရှိုက်ပစ်လိုက်၏။ အခကြေးငွေ တစ်ပြားတစ်ချပ်မျှမပေးရသော လေသည် ခန္ဓာကိုယ်အတွက် အကောင်းဆုံးအာဟာရ ဖြစ်လာသည် ။ လေကောင်းလေသန့် ရှူရှိုက်ခြင်းဖြင့် သူ၏ အတိတ်ကာလ၊ သို့မဟုတ် သူ၏ အမှတ်အသားကို အမြန်ဆုံး ပြန်ရနိုင်မည့် နည်းလမ်းကို ဘခက် စဉ်းစားနေသည် ။ သူ၏ အတိတ်ကာလကို တစ်စုံတစ်ယောက်က ခိုးယူသွားခဲ့ခြင်းပေလား မသိ။ သို့ဆိုလျှင် ထိုသူခိုးကို ပြန်ရအောင်ဖမ်းမည်။ သူခိုး၏ လက်ထဲမှ သူ၏ အတိတ်ကာလကိုပြန်ယူကာ အိမ်သို့ထမ်းပြန်မည်။ ထိုအတိုင်းသာ တကယ်ဖြစ်ခဲ့လျှင် ဘခက်၏ ဘဝမှာ ပြန်လည် စိမ်းလန်းစိုပြည်သွားမည်ဖြစ်သည် ။ ယခုသော် ...။

"ဘယ်သူကများ ငါ့အတိတ်ကာလကို ခိုးယူသွားပါလိမ့်။ ဘယ်သူတွေရော ငါ့လို အတိတ်ကာလ ပျောက်နေရသလဲ။ အောင်ဒင်ဟာ ဘယ်သူလဲ"

အော်ဟစ်သံက ကျယ်လောင်လွန်းလှပေမယ့်လို့ ဗဟိဒ္ဓလောကသို့ ရောက်ရှိလာခဲ့ခြင်း မရှိပါ။ အတွေးထဲမှာ အာခေါင်ကွဲအောင် အော်လိုက်ခြင်း ဖြစ်သည် ။ တစ်တောလုံး ဆူညံသွားသည် ဟု ပင် ယူဆရသည် ။

"ဘယ်က သောက်ရူးလဲ၊ ဒီတောထဲမှာ လာအော်နေတာ၊ ငါနားတွေတောင် ကွဲတော့မယ်"

ဘခက်တစ်ယောက် ထိတ်လန့်သွားရှာ၏။ သူ၏ စိတ်အတွင်းမှ အော်သံကို တစ်စုံတစ်ယောက်ကြားသွားခဲ့ပြီ။ ဘယ်သူများ ပါလိမ့်။ ဘခက်နားသို့ လူတစ်ယောက်ချဉ်းကပ်လာနေသည် ။ ထိုလူသည် အောင်ဒင်နှင့် ရုပ်ချင်းဆင်သော်လည်း အောင်ဒင်မဟုတ်ကြောင်း ဘခက် သိလိုက်ရသည် ။ ထိုလူသည် ဘခက်ကို စူးစူးရဲရဲ စိုက်ကြည့်နေ၏။

"ခင်ဗျား ဘယ်သူလဲ၊ ကျွန်တော့်အတွေးထဲက စကားတွေကို ဘာဖြစ်လို့ ကြားသွားတာလဲ"

"ငါ ဘာကြောင့် သိသလဲဆိုတာ မင်း မေးဖို့ မလိုပါဘူး။ ငါ့သိခြင်းဟာ အစွမ်းသတ္တိ တစ်စုံတစ်ရာရှိကြောင်းကိုပဲ မင်း ... သိဖို့ လိုတယ်"

"ဒါဆိုရင် ခင်ဗျား ကျွန်တော့်ရဲ့ အတိတ်အကြောင်းကို သိလား။ အောင်ဒင်ဘယ်သူလဲဆိုတာရော သိလား။ ကျေးဇူးပြုပြီး ဖြေပေးပါဗျာ"

ဘခက်၏ စကားလုံးအဆုံးတွင် အစောကကြောင်ကြီး ဖြတ်ပြေးပြန်သည် ။ နာရီသည် တချက်ချက်မြည်နေဆဲ ဖြစ်သည် ။ ကြောင်ကြီး ပျောက်ကွယ်သွားသည် ။

"မသိဘူး။ မသိဘူး။ မင်း ဘာကောင်လဲဆိုတာ ငါမသိဘူး။ သိဖို့လည်း မလိုဘူး။ ဘယ်က အောင်ဒင်လဲ ... ထွီ"

ထိုလူက ဘခက်၏ အမေးကို သရော်တော်တော် ဖြေလိုက်သည် ။ ဘခက်၏ ရင်ထဲ မျှော်လင့်ချက်တစ်ခု အငုတ်မှ ကျွတ်သွားခဲ့ခြင်း ဖြစ်သည် ။ သို့ရာတွင် ဘခက်က သူ သိထားသည် ဟု မျှော်လင့်ချက်ရေးရေးကလေးကို ထားမိပြန်သည် ။ ရေဖြင့်ငြိမ်းသတ်ခံရသော မီးပုံတွင် မီးတောက် တစ်စွန်းတစ်စ ကျန်ခဲ့ခြင်းမျိုး။

"ဒီလိုဆိုလည်း နောင်ကြီးရယ်။ နောင်ကြီးနာမည် ဘယ်လိုခေါ်သလဲ။ ဒီမှာ ဘာလာလုပ်တာလဲ"

"ငါ့နာမည် ထင်ကြီး။ ဒီတောထဲမှာ သစ်ခုတ်တယ်။ ဘာသိချင်သေးလဲ"

"ဒါဆို နောင်ကြီးရာ၊ ခုနက ကျွန်တော့်အတွေးထဲက အော်သံကို နောင်ကြီး ဘယ်လိုကြားခဲ့တာလဲ"

"အဲဒါကို မမေးနဲ့ လို့ ပြောထားတယ်လေ။ တော်ပြီကွာ ... သွားတော့မယ်"

တားရန် အချိန်ပင်မရလိုက်၊ ထင်ကြီး ပျောက်ကွယ်သွားသည် ။ ကြောင်ကြီးဝင်ရောက် ပျောက်ကွယ်သွားသည့် နေရာသို့ ထွက်သွားခြင်းဖြစ်သည် ။ ခပ်လှမ်းလှမ်းတစ်နေရာက ထင်ကြီး

လှမ်းအော်ပြောသံကို ကြားရသည် ။

"အတိတ်ဆိုတာ၊ အမှတ်အသားဆိုတာ တစ်စုံတစ်ယောက် အစောကတည်းက ယူသွားခဲ့တာ ... တဲ့ "

အခုမှ ဘခက်၏ ဘဝက လည်လိမ်ခံလိုက်ရသော ကြက်တစ်ကောင်နှယ် ဖြစ်သွားရသည် ။ အတိတ်ဆိုသည် မှာ နဂိုကတည်းက မရှိခဲ့သည့် အရာပေါ့။ ဒီလိုဆိုရင် အမှတ်အသားဆိုတာ ဝေးရောပေါ့။ ဘာကောင်မှန်းမသိဘဲ နေရတာ ပိုအဆင်ပြေတော့မည် ထင်သည် ။

ဘခက်သည် ကမ္ဘာမြေ၏ မောဟိုက်နေသံကို ပြန်ကြားရသည် ။ စကြဝဠာကြီးထဲ တိုးလိုးတွဲ လောင်းဖြစ်နေရှာသော ကမ္ဘာမြေသည် သူ၏ အတိတ်ကာလကို တွေ့ရှိပါရဲ့ လား ။ သူ့ရဲ့ အမှတ်အသား ဆိုတာကလည်း အရှုပ်ထုပ်များကို အမြဲတစေဖန်တီးတတ်သော လူဆိုသည့် သတ္တဝါတွေကို အိမ်ဦးခန်းတွင် ထင်ထားနေခြင်းဖြစ်သည် ။ အလင်းနှစ် သန်းပေါင်းများ စွာကို ဖြတ်ကျော်လာသော ကမ္ဘာမြေသည် ဆက်လက်၍ မောဟိုက်နေပါသည် ။

ဘခက်သည် မော်တော်ကားလေးကို တဖုန်းဖုန်း၊ တဒိုင်းဒိုင်း အသံများ မည်လျက် မောင်းနှင်သွားသည် ။ သူသည် သူ၏ အတိတ်ကာလကို ရှာဖွေဦးမည်လား၊ အမှတ်အသားများကို ရှာဖွေဦးမည်လား၊ မသိနိုင်မီတွင် ပင် မြင်ကွင်းထဲမှ ကွယ်ပျောက်သွားလေ၏။

**မတ်လ၊ ပိတောက်ပွင့်သစ်မဂ္ဂဇင်း၊ ၂၀၀၉**

* * *